# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 28 , 2022 | Volume 55, Number 20


| ၂၈.၆.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၁၂ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၇၂.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၇၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## တနင်္သာရီတိုင်းအတွင်း ကုန်သွယ်မှုလုပ်ငန်းများ၌ ဘတ်/ကျပ်နှင့် ချင်းရွှေဟော်တွင် ယွမ်/ကျပ် တိုးချဲ့အသုံးပြုနိုင်ရန် ညှိနှိုင်းဆွေးနွေး

ဗဟိုဘဏ်ဒု-ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့်တာဝန်ရှိသူများမှ တနင်္သာရီတိုင်းအတွင်းရှိ မြိတ်၊ ကော့သောင်းတို့တွင် ကုန်သွယ်မှုလုပ်ငန်းများတွင် ဘတ်/ကျပ်နှင့် ချင်းရွှေဟော်တွင် ယွမ်/ကျပ် တိုးချဲ့အသုံးပြုနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးရာတွင် ဗဟိုဘဏ်ဒု-ဥက္ကဋ္ဌနှင့်အတူ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအတွင်းရေးမှူး ဦးညွန့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ရန်နောင်စိုးနှင့်တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ ထိုင်းဘဏ်များဖြစ်သည့် Siam Commercial Bank ၊ Bangkok Bank ၊ Kasikorn Bank တို့မှတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

မြန်မာ-တရုတ်နှင့်မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတို့တွင် ပြည်တွင်းငွေကြေးများဖြစ်သည့် ယွမ်/ကျပ်၊ ဘတ်/ကျပ်သုံးစွဲနိုင်ရေး၊ ဘဏ်စနစ်အား ပိုမိုအသုံးပြုနိုင်ရေး၊ ဘတ်/ကျပ်အနေဖြင့် မြဝတီ၊ တာချီလိတ်တို့တွင် စတင်ခဲ့ပြီး ယခုအခါ မြိတ်၊ကော့သောင်းတို့၌ တိုးချဲ့ဆောင်ရွက်ရေးနှင့် ယွမ်/ကျပ်အနေဖြင့် ချင်းရွှေဟော်တွင် ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးခဲ့ကြသည်။

အလားတူ ဇူလိုင်ပထမပတ်နှင့်ဒုတိယပတ်တို့တွင် လုပ်ငန်းများစတင်နိုင်ရန် ဘဏ်များ၊ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြင် ဒေသဆိုင်ရာကုန်သည်များ၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည့် မြေပြင် Taskforce ဖွဲ့စည်းပြီး Standard of Procedures၊ Banking agreement များအား မြန်ဆန်စွာအကောင်အထည်ဖော်ရန် စာရင်းပြုစုခြင်းတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမားများ ထိုင်းဘဏ်မှတစ်ဆင့် ဘတ်ငွေဖြင့် ငွေလွှဲပြောင်းမှုများအား မြန်မာဘဏ်များမှလက်ခံ၍ မိဘဆွေမျိုးများထံ ပြန်လည်ထုတ်ပေးနိုင်ရန် အစီအစဉ်များအား ဆွေးနွေးခဲ့ကြသည်။ ဗဟိုဘဏ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယွမ်/ကျပ်နှင့်ဘတ်/ကျပ်များ သုံးစွဲကာ ဒေသတွင်းကုန်သွယ်မှုပိုမိုတိုးချဲ့နိုင်ရေး၊ Exchange Rate Risk များ လျှော့ချနိုင်ရေးတို့အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစတင်ဖော်ဆောင်ခဲ့ရာ ယွမ်/ကျပ် Pilot ကာလ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမှ ၂၀၂၂ ခုနှစ်၊ ဇွန် တတိယပတ်အထိ Export ရငွေ

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉၀
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ယွမ် ၁၉၇ ဒသမ ၄၆၄သန်းနှင့် Import ပေးချေမှု ယွမ် ၇၇ ဒသမ ၆၉၉ သန်းပိုငွေ ယွမ် ၁၁၉ ဒသမ ၇၆၅ သန်းရှိခဲ့ကြောင်း သိရသည်။

အလားတူ ဘတ်/ကျပ် အနေဖြင့် Pilot ကာလ ၂၀၂၂ ခုနှစ်မတ်မှ ၂၀၂၂ ခုနှစ်ဇွန် တတိယပတ်အထိ Export ရငွေ ဘတ် ၁၅၄၀ ဒသမ ၄၆ သန်းနှင့် Import ပေးချေမှု ဘတ် ၁၁၃၇ ဒသမ ၉၅ သန်း ပိုငွေဘတ် ၄၀၂ ဒသမ ၅၁ သန်းဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ ထို့အတူ Worker Remittance အားဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၀၂၂ ခုနှစ်ဇွန် တတိယပတ်အထိ ငွေဝင်ရောက်မှုမှာ ဘတ် ၂၉ ဒသမ ၅၄၈ သန်း ရှိခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီနှင့် ဗဟိုဘဏ်တို့သည် ပြည်တွင်းဘဏ်များ၊ ပြည်ပဘဏ်များနှင့်အကောင်အထည်ဖော်သည့် Payment Mechanism အား ဗဟိုဘဏ်မှဦးဆောင်၍ ဆွေးနွေးခဲ့ပြီး ဘတ်/ကျပ်၊ ယွမ်/ကျပ်ဆိုင်ရာများကို သက်ဆိုင်ရာ ထိုင်းဗဟိုဘဏ်၊ တရုတ်ဘဏ်များ၊ ထိုင်းဘဏ်များနှင့်ညှိနှိုင်း၍ ကုန်သွယ်မှု ပိုလျှံငွေများမှ Convertible ပြုလုပ်နိုင်ရေး၊ Liquidity Support ၊ Trade Financing နှင့် Settlement Time များအား သေချာစွာသတ်မှတ်ပြီး သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည်။

**Source: Popular News Journal**

## မြဝတီနယ်စပ်မှ ပြည်ပပို့ကုန်များအတွက် ကန်ဒေါ်လာဖြင့်သာ စျေးနှုန်းသတ်မှတ်ခွင့်ပြုမည်

မြဝတီနယ်စပ်မှတစ်ဆင့် ပြည်ပသို့တင်ပို့မည့် ပို့ကုန်အားလုံးအတွက် လာမည့် ဇူလိုင် ၁ ရက်မှ စတင်ကာ အမေရိကန်ဒေါ်လာဖြင့်သာ စျေးနှုန်းသတ်မှတ် တင်ပို့ခွင့်ပြုတော့မည်ဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်အချို့ထံမှသိရသည်။ ယင်းသို့ တင်ပို့ပြီးပါကလည်း ပို့ကုန်ရငွေ ဝင်ရောက်ပြီးကြောင်း ဘဏ်စလစ်ပြနိုင်မှသာ နောက်တစ်ကြိမ် ထပ်မံတင်ပို့ခွင့်ရရှိမည် ဖြစ်ကြောင်းသိရသည်။

ထို့ပြင် စာရင်းမှတ်ပုံစံဖြင့် ဝင်ရောက်ထားသော ပြောင်းဆန်များနှင့် လမ်းကြောင်းပေါ်တွင်ရှိနေသော ပြောင်းဆန်များ ကိုလည်း ဇူလိုင် ၁ ရက်မှစတင်ကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့် လိုင်စင်လျှောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

လိုင်စင်ရှိပြီး ED ဖွင့်ပြီးသား ကားများကို ဇွန် ၂၆ ရက်တွင် ဇုန်အတွင်း ဝင်ခွင့်ပြုမည်ဖြစ်သော်လည်း ED မဖွင့်ရသေးသည့် ကားများကိုမူ ဇူလိုင် ၁ ရက်မှသာ ဝင်ရောက်ခွင့်ပေးမည်ဖြစ်ပြီး သတ်မှတ်စျေး တစ်တန်ကို အမေရိကန် ဒေါ်လာ ၃၆၀ ဖြင့် ED ဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ ဆက်လက်၍ ဆီထွက်သီးနှံ တင်ပို့မှုကိုလည်း ဇူလိုင် ၁ ရက်မှစတင်၍ လိုင်စင်ဖြင့်သာ တင်ပို့ခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်များကို ယခင်ကလိုင်စင်မရှိဘဲ တင်ပို့ခွင့်ရရှိခဲ့သော်လည်း လက်ရှိမူဝါဒအပြောင်းအလဲကြောင့် အခက်အခဲနှင့်ကြန့်ကြာမှုအချို့ ကြုံတွေ့ရနိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။ ထိုင်း-မြန်မာနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ ဆီထွက်သီးနှံများအပြင် စပါး၊ ဆန်၊ ဆန်ကွဲ၊ ရော်ဘာ၊ ပြောင်းစသည့် ကုန်စည်များကို တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: http://sdtimedaily.com/**

## မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ငါးမြစ်ချင်းပိဿာချိန် ၅၅၀၀ ထိတင်ပို့နေရ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ မွေးမြူရေး ငါးမြစ်ချင်းများကို ရန်ကုန်မြို့သို့ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း မအူပင်မြို့ရှိ ငါးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

မအူပင်မြို့နယ်မှ မွေးမြူရေးငါးမြစ်ချင်းများကို ရန်ကုန်မြို့သို့ တစ်နှစ်ပတ်လုံး တင်ပို့မှုရှိသော်လည်း ဇွန်လ ဒုတိယပတ်မှစ၍ ယနေ့(ဇွန်-၂၇)ထိ တစ်ရက်လျှင် ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ငါးမြစ်ချင်းသည် ပြည်တွင်း၊ ပြည်ပစျေးကွက်ရှိသဖြင့် မအူပင်မြို့နယ်တွင် အများအပြားမွေးမြူလုပ်ကိုင်နေပြီး နှစ်ကီလို အောက်အရွယ်အစား ငါးမြစ်ချင်းများကို ပြည်တွင်းစျေးကွက်များသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။

"မအူပင်မြို့နယ်ဘက်က မွေးမြူရေးငါးမြစ်ချင်းတွေဟာ ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိပါတယ်။ ဇွန်လ ဒုတိယပတ်ကနေ ဒီနေ့(ဇွန်-၂၇)ထိ တစ်ရက်ကို ပိဿာချိန် ၅၅၀၀ ထိ ရန်ကုန်မြို့ကို တင်ပို့ရောင်းချနေရပါတယ်။ အရင်ကတော့ တစ်ရက်ကို ငါးမြစ်ချင်းပိဿာချိန် ၁၅၀၀ လောက်ပဲ တင်ပို့ခဲ့ရပါတယ်။ အခု နောက်ပိုင်း၊ ရန်ကုန်ဘက်က ကုန်သည်တွေက ငါးမြစ်ချင်းတွေကို ပိုမိုမှာယူလာကြပါတယ်။ လက်ရှိ ဝယ်ယူမှုအားကောင်းနေတဲ့အပြင် ငါးဈေးကလဲကောင်းလာပါတယ်" ဟု မအူပင်မြို့ရှိ ငါးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင် ကိုမျိုးကျော်ကပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသည့် ငါးမြစ်ချင်းဈေးမှာ ဇွန်လပထမပတ်မှ ယနေ့(ဇွန်-၂၇)ထိ တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ထိ ဈေးပေါက်နေကြောင်း၊ မေလအတွင်းက ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၊ ဧပြီလအတွင်းက ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ဈေးရှိခဲ့ကြောင်း သိရသည်။

"လက်ရှိ ငါးဈေးကောင်းတော့ အနည်းငယ် အဆင်ပြေလာတယ်လို့ ပြောရမှာပါ။ လက်ရှိငါးဈေးကောင်းပေမဲ့ ငါးအစာဈေး တက်နေသေးတော့ သိပ်တော့မချောင်လည်သေးပါဘူး။ အခု ငါးဈေးကလဲကောင်း၊ ငါးဝယ်ယူမှုအားလဲကောင်းတော့အဆင်ပြေပါတယ်။ လက်ရှိ မွေးမြူရေးအထွေထွေကုန်ကျစရိတ်တွေအရ တစ်ပိဿာကို ငွေကျပ် ၅၀၀၀ နဲ့အထက်ရရင် အဆင်ပြေပါတယ်" ဟု မအူပင်မြို့မှ ငါးမြစ်ချင်းမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝန်းငွေးကပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ယခုနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၆ သန်းကျော်တန်ဖိုးရှိ နို့ဆီနှင့်နို့မှုန့် ၂၇၃၃ တန် တင်သွင်းခဲ့

ပြည်တွင်းလိုအပ်ချက်အရ ယခုနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၆ သန်းကျော်တန်ဖိုးရှိ နို့ဆီနှင့်နို့မှုန့် ၂၇၃၃ တန် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုများရှိနေသော်လည်း ပြည်တွင်းလိုအပ်ချက်အရ နှစ်စဉ်ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်းများကို မှာယူတင်သွင်းနေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံနို့လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများအရ နို့စားနွား မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူရေး၊ မျိုးရိုးဗီဇအဆင့် မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ပြည်တွင်းတွင် နို့နှင့်နို့ထွက်ပစ္စည်းစားသုံးမှု မြင့်တက်နေသဖြင့် ပြည်ပမှ နှစ်စဉ်နို့နှင့်နို့ထွက်ပစ္စည်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးခန့် တင်သွင်းနေခဲ့ရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ ပြီးခဲ့သည့်မေလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၄ သန်း တန်ဖိုးရှိ နို့ဆီတန်ချိန် ၁၄၇၃ တန်ကျော်နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၀၆ သန်း တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၂၆၀ ကျော် စုစုပေါင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၆ သန်းတန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့် ၂၇၃၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်ဈေးကွက် မတ်ပဲနှင့်ပဲစင်းငုံဈေးများ တစ်တန် ကျပ် ၅၀၀၀၀ မှ ၆၀၀၀၀ ကျော်ထိခုန်တက်



https://greenwaymyanmar.com

ရန်ကုန်ဘုရင့်နောင်ဈေးကွက် မတ်ပဲ ဒီတစ်ပတ်အဖွင့်ဈေးဟာ ပြီးခဲ့တဲ့အပတ်အပိတ်ဈေးနဲ့ယှဉ်ရင် တစ်တန် ကျပ် ၅၀၀၀၀၊ ၆၀၀၀၀ ထိ ဈေးတွေတက်လာတာဖြစ်ပါတယ်။ အကျဘက်ရောက်နေတဲ့ ပဲစင်းငုံနီကလည်း တစ်တန် ကျပ် ၆၀၀၀၀ ကျော်ထိ ပြန်ခုန်တက်လာတာပါ။

ပြီးခဲ့တဲ့အပတ် သောကြာ (ဇွန် ၂၄ ရက်) တုန်းက တစ်တန်ကို ကျပ် ၁၆၀၇၅၀၀ ပေါက်ဈေးရှိခဲ့တဲ့ မတ်ပဲ(FAQ/RC – ၂၀၂၂)ဟာ ဒီတစ်ပတ်အဖွင့်ဈေး (ဇွန် ၂၇ ရက်) မှာတော့ တစ်တန်ကို ကျပ် ၁၆၇၅၀၀၀ ထိ ဖြစ်လာတာပါ။ တစ်တင်းဈေးနှုန်းဆိုရင်တော့ ၅၃၂၉၅ ကျပ် ရှိနေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ် သောကြာ (ဇွန် ၂၄ ရက်) တုန်းက တစ်တန်ကို ကျပ် ၁၇၉၇၅၀၀ ပေါက်ဈေးရှိခဲ့တဲ့ မတ်ပဲ(SQ/RC – ၂၀၂၁)က အတက်ပိုကြမ်းခဲ့ပြီး ဒီနေ့မှာ တစ်တန်ကို ကျပ် ၆၀၀၀၀ ထိ ဈေးတက်လာပါတယ်။ တစ်တင်းဈေးနှုန်းဆိုရင်တော့ ၅၉၇၂၆ ကျပ် ရှိနေတာဖြစ်ပါတယ်။

အိန္ဒိယ ပဲလိုအပ်ချက်တွေရှိနေတဲ့အတွက် ပြည်တွင်းပဲကုန်သည်တွေအနေနဲ့ ဝယ်ယူသိုလှောင်မှုတွေ ရှိနေပြီး ဈေးတွေတက်လာတာဖြစ်တယ်လို့တော့ AMIA က ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့အပတ်က ဈေးဆက်တိုက်ကျခဲ့ပြီး သောကြာ (ဇွန် ၂၄ ရက်) တုန်းက တစ်တန်ကို ကျပ် ၁၃၈၀၀၀၀ ထိ ရောက်သွားခဲ့တဲ့ ပဲစင်းငုံနီ (RC –၂၀၂၁)ကလည်း တစ်တန်ကို ၆၄၀၀၀ ကျပ် ဈေးတက်လာပြီး ၁၄၄၄၀၀၀ ထိ ပြန်ရောက်လာပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို အခြေခံ ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Blackgram_Pigeon_Pea_Market_Prices

## ဗီယက်နမ်က အိန္ဒိယနေရာကို အစားထိုးပြီး ကမ္ဘာ့ဈေးကွက်သို့ ဆန်များတင်ပို့မည်

ကမ္ဘာပေါ်မှာ ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ပြည်ပကိုဆန်တင်ပို့မှု တားမြစ်လိုက်မယ်ဆိုရင် ဗီယက်နမ်နိုင်ငံက သူတို့အနေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို ဆန်များတင်ပို့သွားမယ်လို့ ဗီယက်နမ်စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကိုကိုးကားပြီး VietNam Net သတင်းဌာနက ဖော်ပြထားပါတယ်။

ဗီယက်နမ်နိုင်ငံဟာ တစ်နှစ်ကိုဆန်တန်ချိန်ပေါင်း ၂၆ သန်းကနေ ၂၈ သန်းအထိထုတ်လုပ်နိုင်တဲ့ နိုင်ငံဖြစ်တဲ့အပြင် ပြည်ပကို ဆန်တန်ချိန် ၇ သန်းအထိ တင်ပို့နိုင်တယ်လို့ စိုက်ပျိုးရေးနဲ့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဆန်စပါးထုတ်လုပ်ရေးဦးစီးဌာနမှ ငုယင်နူချောင်းက ပြောပါတယ်။

လက်ရှိအချိန်မှာ ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းက လွန်စွာချောမွေ့စွာ လည်ပတ်နေကြောင်း၊ သဘာဝဘေးဒုက္ခများကဲ့သို့ မမျှော်မှန်းနိုင်တဲ့ သက်ရောက်မှုတွေမရှိလာဘူးဆိုရင် ဗီယက်နမ်နိုင်ငံအနေနဲ့ အမြဲတမ်းစားနပ်ရိက္ခာ ဖူလုံမှုရှိကြောင်း ငုယင်နူချောင်းကဆိုပါတယ်။

အိန္ဒိယနိုင်ငံက ပြီးခဲ့တဲ့လမှာ သူတို့နိုင်ငံထွက်ဂျုံတွေကို ပြည်ပတင်ပို့မှု တားမြစ်လိုက်တာဖြစ်ပါတယ်။ အကြောင်းရင်းကတော့ ပြည်တွင်းဂျုံဈေးကွက်မှာ ဂျုံရှားပါးမှုနဲ့ ဈေးနှုန်းများမြင့်တက်လာမှုကြောင့်ပါ။ စွမ်းအင်နဲ့ဓာတ်မြေဩဇာ ဈေးနှုန်းများ အဆမတန်မြင့်တက်လာမှုကြောင့် စားနပ်ရိက္ခာဖူလုံရေးနဲ့ စားနပ်ရိက္ခာထောက်ပံ့ရေး ကွင်းဆက်တို့အပေါ် ဆိုးကျိုးများ သက်ရောက်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုကိုဖြစ်ပေါ်လာစေပါတယ်။

ဒီအတွက်ကြောင့် အိန္ဒိယနိုင်ငံဟာ နောက်တစ်ဆင့်အနေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို ဆန်တင်ပို့မှု တားမြစ်လိုက်နိုင်ဖွယ်ရှိတယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုတွေလည်း ထွက်ပေါ်လာပါတယ်။ လက်ရှိမှာဆိုရင်ပဲ အခွင့်ကောင်းကိုစောင့်နေတဲ့ ကုန်သည်တွေက ဆန်စပါးတွေကို တိုးမြှင့်ဝယ်ယူသိုလှောင်လာကြတဲ့အတွက် ဈေးတွေကမြင့်တက်လာပါပြီ။

ဒါဆိုရင် ပြည်တွင်းဆန်ဈေးမြင့်တက်မှုကြောင့် ပြည်ပကို ဆန်တင်ပို့မှုလျှော့ချကာ သို့မဟုတ် တားမြစ်ကာ ပြည်တွင်းဆန်ဖူလုံမှုရှိအောင် လုပ်ဆောင်သွားရဖို့ရှိနေပါတယ်။

ကမ္ဘာပေါ်မှာ ဆန်စပါးထုတ်လုပ်မှု အများဆုံးနိုင်ငံများက အိန္ဒိယနဲ့တရုတ်နိုင်ငံတို့ဖြစ်တယ်လို့ ကမ္ဘာ့စီးပွားရေးဖိုရမ်က ထုတ်ပြန်ထားပါတယ်။ အဲဒီနှစ်နိုင်ငံရဲ့ ဆန်စပါးထောက်ပံ့မှုက ကမ္ဘာ့ဆန်စပါးထွက်ရှိမှုနှုန်းရဲ့ ထက်ဝက်အထိရှိပါတယ်။ ဒီလိုဆန်စပါး ထုတ်လုပ်တင်ပို့မှု အများဆုံးနိုင်ငံတွေထဲကမှ ဗီယက်နမ်နိုင်ငံဆိုတာ အဆင့်ငါးနေရာမှာရှိတဲ့ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။

ဒီနှစ်ပထမသုံးလပတ် အတွင်းမှာဆိုရင်ပဲ ဗီယက်နမ်နိုင်ငံက တင်ပို့ရောင်းချထားနိုင်တဲ့ ဆန်စပါးပမာဏဟာ တန်ချိန် ၁ ဒသမ ၁၄ သန်းရှိပြီး အမေရိကန်ဒေါ်လာ ၇၁၅ သန်းကို ရရှိထားပါတယ်။ အဲဒီလိုရောင်းချရတဲ့ပမာဏဟာ နှစ်စဉ်တင်ပို့

ရောင်းချမှု ပမာဏနဲ့နိူင်းယှဉ်ရင် ၂၄ ရာခိုင်နှုန်းအထိ သိသိသာသာမြင့်တက်လာတာဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရသိရပါတယ်။

**Ref: RT**

https://www.myawady.net.mm/node/27310

## အာရှပြင်ပနိုင်ငံများမှ တင်သွင်းသည့်ကုန်ပစ္စည်းများအား သွင်းကုန်လိုင်စင်သက်တမ်း ၄၅ ရက်အဖြစ် ဇူလိုင် ၁ ရက်မှစတင်၍ ယာယီပြင်ဆင်သတ်မှတ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းမှုအတွက် သွင်းကုန်လိုင်စင် သက်တမ်းသတ်မှတ်ချက်များအား ဇူလိုင် ၁ ရက်မှစ၍ ယာယီပြင်ဆင်သတ်မှတ်မည်ဟု အသိပေးကြေညာခဲ့သည်။

ထိုသို့ သတ်မှတ်ရာတွင် အာရှနိုင်ငံများမှတင်သွင်းသည့် ကုန်ပစ္စည်းများဖြစ်ပါက ရက် ၃၀၊ အာရှပြင်ပနိုင်ငံများမှ တင်သွင်းသည့် ကုန်ပစ္စည်းများဖြစ်ပါက ၄၅ ရက်အဖြစ် ယာယီပြင်ဆင်သတ်မှတ်ခဲ့သည်ဟု အသိပေးကြေညာခဲ့သည်။

**Source: Popular News Journal**

## ဆိုင်းငံ့ငွေပေးချေမှုစနစ်ဖြင့် ရောင်းချနိုင်မည့် စက်သုံးဆီသွင်းကုန်လုပ်ငန်းရှင်များဖိတ်ခေါ်

မြန်မာနိုင်ငံအတွင်း လိုအပ်နေသည့် စက်သုံးဆီဝယ်ယူတင်သွင်းရာတွင် ဆိုင်းငံ့ငွေပေးချေမှုစနစ်ဖြင့် တင်သွင်းနိုင်မည့် သွင်းကုန်လုပ်ငန်းရှင်များရှိပါက ဝန်ဆောင်မှုပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ဇွန်လ (၂၄) ရက် ရက်စွဲဖြင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းထံ အကြောင်းကြားစာပေးပို့ ခဲ့ခြင်း ဖြစ်သည်။

ဝန်ကြီးဌာနက ယခုကဲ့သို့ထုတ်ပြောလာခြင်းနှင့်ပတ်သတ်၍ စက်သုံးဆီတင်သွင်းသူတစ်ဦးက ပေါ်ပြူလာနယူးစ်သို့ ယခုကဲ့သို့ပြောသည်။ "တကယ်တော့ လတ်တလောကာလမှာ စက်သုံးဆီကို နိုင်ငံခြားသုံးငွေ ထုတ်ပေးနိုင်သလောက်ပဲ ဆီတင်သွင်းနေသူများမှ တင်သွင်းနေခြင်းဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေထုတ်ပေးနိုင်မှု အနည်းငယ်နှောင့်နှေးသွားတာနဲ့ ဈေးကွက်အတွင်း ဆီမလုံလောက်မှုများဖြစ်နိုင်တဲ့အလားအလာလည်းရှိပါတယ်။ ဒါကြောင့် စက်သုံးဆီတင်သွင်းဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီမှ မလိုလားအပ်ပဲ ဆီပြတ်လတ်မှု ဖြစ်ပေါ်လာမယ့် အလားအလာလျှော့ချဖို့ရည်ရွယ်ပြီး Differ Payment နဲ့တင်သွင်းနိုင်သူတွေကို ဖိတ်ခေါ်တာဖြစ်မယ်" ဟု ၎င်းကပြောသည်။

ဝန်ကြီးဌာန၏ ယခုဖိတ်ခေါ်မှုအပေါ် ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီထံ အမြန်ဆုံးတင်ပြကြ ရန်လည်း အဆိုပါအကြောင်းကြားစာတွင် ဖော်ပြထားသည်။

ယင်းသို့ တင်သွင်းရာတွင်လည်း ဝယ်ယူရရှိနိုင်မည့် Supplier ကုမ္ပဏီ၊ ဆိုင်းငံ့ငွေပေးချေမှုစနစ်ဖြင့်ဝယ်ယူနိုင်မည့် စက်သုံးဆီအမျိုးအစား၊ Importer နှင့် Supplier ကြား သဘောတူညီထားသောအချက်များ၊ အများဆုံး ဆိုင်းငံ့ပေးထားနိုင်မည့် စက်သုံးဆီပမာဏနှင့် အချိန်ကာလကိုပါ တင်ပြပေးရမည်ဟုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

**Source: Popular News Journal**

# STOCK EXCHANGE (28.6.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Jun. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 31 | 232,500 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,600 | 2,650 | 2,600 | 852 | 2,215,700 | 38,929,150 | 103,162 |
| MCB | 00003 | 7,200 | +300 | +4.35% | 7,200 | 7,200 | 7,200 | 43 | 309,600 | 10,400,986 | 74,888 |
| FPB | 00004 | 17,500 | -500 | -2.78% | 18,000 | 18,000 | 17,500 | 20 | 355,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | -100 | -3.85% | 2,500 | 2,500 | 2,500 | 121 | 302,500 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


## Market summary

As of 28th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.27 | -0.07 | -0.02% | 346.86 | 347.27 | 346.86 | 1,067 | 3,415,300 | 7 | 604,123 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 28th Jun. 2022

| MYANPIX | 347.27 ▼ 0.07 |
|---|---|
| Total Volume (shares) | 1,067 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 604,123 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 300 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 0 |